သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဧရာဝတီတိုင်းဒေသကြီး၊မအူပင်ခရိုင်

ဓနုဖြူမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

**Village Development Plan(VDP)**



**ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

**Village Development Plan(VDP)**

**ကျောင်းစုကျေးရွာအုပ်စု၊တော်ကွဲကျေးရွာ**

# မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာအုပ်စုမြေပုံ (ကျေးရွာတည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာသမိုင်းကြောင်း

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)


၁၁။ အစည်းအဝေးမှတ်တမ်းများ

၁၂။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ


၂၀၁၈ ခုနှစ်

မြို့နယ်


# မြို့နယ်မြေပုံ




၂၀၁၈ ခုနှစ်

ဓနုဖြူမြို့နယ်

# ကျေးရွာအုပ်စုမြေပုံတည်နေရာ



၂၀၁၈ ခုနှစ်

ဓနုဖြူမြို့နယ်

# ကျောင်းစုကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

၁။ တံတားဦးစု

၂။ ဖျင်းညားကြီး

၃။ ရွှေဘိုစု

၄။ ကျောင်းစု

၅။ ဒေါင်းစု

၆။ ကွဲလမ်းစု

၇။ တော်ကွဲ

ကျောင်းစုကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာပေါင်း (၇) ရွာရှိပါသည်။

# တော်ကွဲကျေးရွာသမိုင်းကြောင်း

တော်ကွဲကျေးရွာကို လွန်ခဲ့သောနှစ်ပေါင်း (၁၂၃၀)ခုနှစ်တွင် အိမ်ခြေ(၂၅)စုဖြင့် စတင်တည် ထောင်ခဲ့ပါသည်။ တော်ကွဲကျေးရွာဟု အမည်ပေးခဲ့ရခြင်းအကြောင်းအရင်းမှာ တော်ကွဲ ကျေးရွာကိုစပြီး တည်စဉ်အခါက တောမြက် ထူထပ်၍ ကိုင်းတော၊ ကျူတော၊ ကျီးပင်၊ ဆောက်မပင်၊ ရေမကျီးပင်များ အလွန်ထူထပ်ပြီး ရွာကိုကွယ်နေပါသဖြင့် တောကွယ်ကျေးရွာဟု အစွဲပြု၍ ခေါ်ဆိုခဲ့ပါသည်။ ကာလအတန်ကြာသည့်အခါ ၎င်းတောကွယ်ကျေးရွာကို တော်ကွဲကျေးရွာဟု ပြည်ထဲရေးပေါက် ခေါ်ဆိုကြပါသည်။ တော်ကျေးရွာသည် ယခင်က ကျေးရွာအတွင်း အုတ်လမ်းမကြီးများနှင့် ရုံးစိုက်ရာဗိုလ်ရုံနှင့် ရဲစခန်းများလည်း ရှိခဲ့ပါသည်။ အင်္ဂလိပ်မင်းလက်ထက်က ကြီးမားသော သောက်ရေကန်ကြီးတစ်လုံး၊ စက်ရေတွင်းကြီး တွဲလျက် တည်ဆောက်ခဲ့ပါသည်။ အချိန်ကြာလာသည်နှင့်အမျှ တောများကို ထင်းအဖြစ် ခုတ်ထွင်ရှင်းလင်း ခဲ့ကြ၍ ရေပြင်ကျယ်ကြီးဖြစ်ကာ ရေများတိုက်စားသဖြင့် ၎င်းရေကန်ကြီးမှာလည်း တိမ်ကောသွားခဲ့ပြီး ရွာလမ်းမကြီးမှာလည်း ရေတိုက်စားခဲ့ပြီး ပျောက်ပျက်ခဲ့ရပါသည်။

(၁၂၆၅)ခုနှစ်တွင် ဘုန်းတော်ကျောင်းနှင့် ကိုးတောင်ပြည့် စေတီတော်တစ်ဆူအား အလှူ့ရှင်များဖြစ်ကြသော ဦးဖိုးလွန်း+ဒေါ်ငြိမ်းပွင့်တို့မှ တည်ဆောက်လှူဒါန်းခဲ့ကြပါသည်။ ဦးပဓာနနာယကဆရာတော်ဦးဇောတိကမှ ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးနေထိုင် လာခဲ့ရာ ဆရာတော်ဦးဇောတိက ဘဝစံကျောင်း ရွှေ့ပြောင်းတော်မူပြီး နောက်ဖန်ခါးကွင်း ကျောင်းဆရာတော် ဘဒ္ဒန္တဝံနိတမထေရ်မြတ် ညွှန်ကြားခြင်းကိုခံယူကာ (၁၃၂၈)ခုနှစ်တွင် ပဓာနနာယကဆရာတော်ဦးကေသဝမှ ကျောင်းထိုင်တော်မူခဲ့ရာ အလှူ့ရှင်များဖြစ်သော ဦးထွန်းအေး+ဒေါ်မိဆိတ်တို့မှ သိမ်တော်ကြီးအား ဆောက်လုပ်လှူဒါန်း ခဲ့သည်။ ဇရပ်တစ်ဆောင်နှင့် နတ်လမ်းကို ဦးသန်းရွှေ+ဒေါ်ဝင်းတင်မိသားစုနှင့် ဒေါ်တင်ညွှန့်+ ဒေါ်ခင်ဥတို့မှလည်း ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ကျောင်းတိုက်အတွင်း နှစ်အတန်ကြာသည့် အခါ သဘာဝဘေးအန္တရာယ်များကြောင့် ပြိုကျမြေခခဲ့ရပါသည်။

(၁၃၄၂)ခုနှစ်တွင် ရွာသူရွာသားများ စုပေါင်း၍ အောင်ချမ်းသာကိုးတောင်ပြည့်စေတီတော် တစ်ဆူ၊ (၁၃၇၉)ခုနှစ်တွင် ရွှေဖုန်းပွင့်စေတီတော်တစ်ဆူအား အလှူရှင်များဖြစ်ကြသော ဦးဝင်းညွှန့်+ဒေါ်မဌေးတို့မှ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ တော်ကွဲကျေးရွာ အလှူရှင်များ စုပေါင်း၍ အလိုတော်ပြည့် စေတီတစ်ဆူအား တည်ထားကိုးကွယ်ကြပါသည်။ ကျောင်းတော်ကြီး အတွင်းရှိ သိမ်တော်ကြီးမှာလည်း ဟောင်းနွမ်းနေပါသဖြင့် အလှူရှင် ဦးကျော်စွာ+ ဒေါ်မိကြည်၊ ဦးသောင်းဟန်+ဒေါ်သန်းဌေးတို့မှ အသစ်တဖန်ပြန်လည် လှူဒါန်းပေးခဲ့ပါသည်။ တော်ကွဲကျေးရွာ သည် လေဘေး(၂)ကြိမ်ကြုံတွေ့ခဲ့ရပြီး၊ ရေဘေး(၃)ကြိမ်၊ မီးဘေး(၁)ကြိမ်သင့်ခဲ့ရပါသည်။

ဓနဖြူမြို့သို့ သွားလျှင်ဒမိုင်ခွဲခန့်ရှိသော ကိုင်းတော၊ ယာတောများကို ကြမ်းတမ်းစွာ ဖြတ်ကျော်၍ သွားလာနေရသော အခက်အခဲများအား မရှိစေရန်နှင့် ကျန်းမာရေး၊ ပညာရေး၊

သွားလာလွယ်ကူနိုင်ရန် တော်ကွဲမှ ကျောင်းစုသို့ ကျေးရွာချင်းဆက် မြေသားလမ်းနှင့် ကျောက်ပြားလမ်းကို တော်ကွဲကျေးရွာ အလှူ့ရှင်များဖြစ်ကြသော ဦးသန်းရွှေ+ဒေါ်ဝင်းတင် မိသားစုတို့မှ သိန်း(၂၅၀)မတည်ကာ တော်ကွဲတောင်ဖက်နှင့်မြောက်ဖက်ရှိအလှူ့ရှင်များမှ လှူဒါန်းငွေစုစုပေါင်းသိန်း(၃၂၅)သိန်း အကုန်ကျခံပြီးဖောက် လုပ်လှူဒါန်းခဲ့ပါသည်။ ယခုအခါ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအဆင်ပြေစွာသွားလာနိုင်ပါသည်။ နွေစပါးနှင့် အင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ဆန်ရေစပါး၊ အသားငါးများ ထွက်ကုန်ပစ္စည်းများကို ကုန်ထုတ်လမ်း မရှိသည့်အတွက် ဈေးကွက်ပေါက်ဈေးများ မရရှိခြင်းကြောင့် တောင်သူများ၊ ရေလုပ်သားများမှ မိမိတို့ထုတ်လုပ်သော ပစ္စည်းများအား ပြည့်ပြည့်ဝဝ အကျိုးမခံစားရပဲ ဖြစ်နေကြရပါသည်။



CamScanner

## တော်ကွဲ ကျေးရွာ၏ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်းကြောင်း (Village History) | ၂၂.၇.၂၀၁၈ | ကျေးရွာအကြောင်းကိုသိသောရပ်မိရပ်ဖ (အမျိုးသား၊သမီး)များ ကျေးရွာအုပ်ချုပ်ရေးမှူး | ၆ | ၅ | ၁၁ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများကိုရွာသူရွာသားများနှင့်အတူဆွေးနွေး၍အများသဘောတူဆုံးဖြတ်သတ်မှတ်ခြင်း။ |
| ၂ | ကျေးရွာလူမှုရေး၊ စီးပွားရေး အရင်းမြစ်ပြမြေပုံ (Social and Resource Map) | ၂၂.၇.၂၀၁၈ | ကျေးရွာသူ/သားများနှင့် မြေပုံရေးဆွဲတက်သူ ကော်မတီဝင်အချို့နှင့် ကျေးရွာကြောင်းကိုနံ့နံ စပ်စပ်သိသောလူငယ်လေးများ | ၈ | ၇ | ၁၅ | ကျေးရွာစီးပွားရေးအရင်းအမြစ်များ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ သောက်သုံးရေ ရရှိမှု၊ ပညာရေး၊ကျန်းမာရေးလိုအပ်ချက်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုများကိုဆွေးနွေးခြင်း။ |
| ၃ | ရာသီခွင်ပြက္ခဒိန် (Seasonal Calendar) | ၂၂.၇.၂၀၁၈ | ကော်မတီဝင်များ(ကျား၊မ)တောင်သူလယ်သမား၊ လက်လုပ်လက်စား၊ ဈေးသည်များနှင့်လယ်လုပ်သားများ (အမျိုးသား၊အမျိုးသမီး) | ၈ | ၈ | ၁၆ | ကျေးရွာတွင် ရာသီအလိုက်လုပ်ကိုင်ဆောင်ရွက်နေသောအလုပ်အကိုင်များ၊ ဝင်ငွေရရှိမှုများ၊ နှင့် ပွဲတော်ရက်များအကြောင်း ဆွေးနွေးခြင်း |
| ၄ | ချမ်းသာကြွယ်ဝမှု အဆင့်ခွဲခြင်းဥပမာပြဇယား (Wealth Ranking) | ၂၂.၇.၂၀၁၈ | ကျေးရွာသူ/သားများနှင့် အုပ်ချုပ်ရေးမှူး၊ ကော်မတီဝင်များ | ၁၀ | ၁၀ | ၂၀ | ကျေးရွာအတွင်းရှိဥစ္စာနေပိုင်ဆိုင်မှုအား အဆင့်ခွဲခြင်း။ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ (Venn Diagram) | ၂၂.၇.၂၀၁၈ | ကျေးရွာအတွင်းရှိအဖွဲ့စည်းများ၊ ကျေးရွာသူ၊ကျေးရွာသားများ | ၈ | ၇ | ၁၅ | ကျေးရွာအတွင်းရှိ လက်ရှိဖွဲ့စည်းထားသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီးလုပ်ဆောင်နေပုံအားဆွေးနွေးခြင်း။ |
| ၆ | ပိုင်ဆိုင်မှုအရင်းအမြစ် (Acess to control over) | ၂၂.၇.၂၀၁၈ | ကျေးရွာသူ/သားများ | ၈ | ၇ | ၁၅ | အမျိုးသားနှင့်အမျိုးသမီးများ ပိုင်ဆိုင်မှုအရင်းအမြစ်များ |
| ၇ | အမျိုးသား၊ အမျိုးသမီးအခြေအနေသုံးသပ်ချက်ပြမြေပုံ (Spider Web) | ၂၂.၇.၂၀၁၈ | ကျေးရွာသူ/သားများ | ၁၀ | ၁၀ | ၂၀ | ကျေးရွာအတွင်းရှိ အမျိုးသား၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်အပိုင်း၊ ပညာရေး၊ အလုပ်အကိုင်၊ ခေါင်းဆောင်မှု၊ ရပ်ရေးရွာရေးပူးပေါင်းပါဝင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများအား အမျိုးသား၊အမျိုးသမီး နှိုင်းယှဉ်ဆွေးနွေးခြင်း။ |

## တော်ကွဲ ကျေးရွာ၏ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)
## အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာ၏ (၅) နှစ်စာ ဦးစားပေး ဖွံ့ဖြိုးရေးအစီအစဉ် (Metric Ranking) | ၂၃.၆.၂၀၁၈ | ကျေးရွာသူ/သားများ၊ ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ။ | ၅၇ | ၄၄ | ၁၀၁ | ကျေးရွာအတွက်လိုအပ်သော အဆောက်အဦးပိုင်းဆိုင်ရာနှင့် စီးပွားရေး၊လူမှုရေးနှင့်ကျန်းမာရေး အတွက် လုပ်ဆောင်ချင်သော လုပ်ငန်းများ၊ လုပ်ဆောင်မည့်သူများအား ကြိုတင်ဆွေးနွေးခြင်း။ |
| ၉ | ကျေးရွာအုပ်စု၏ ဖွံ့ဖြိုးရေး အစီအစဉ်ပြဇယား (VTDP) | ၂၃.၆.၂၀၁၈ | ကျေးရွာအုပ်စု ကော်မတီဝင်များ၊ | ၂၁ | ၁၂ | ၃၃ | ကျေးရွာအုပ်စုအတွက် ပိုမို၍အရေးကြီးသော လုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်ကာ အရင်ဆုံးပြုလုပ်ရန် ဆွေးနွေးခြင်း။ |

၂၀၁၈ ခုနှစ်

ဓနုဖြူမြို့နယ်

CS CamScanner

၁။ ဓနုဖြူမြို့နယ်၊ ကျောင်းစုအုပ်စု၊ ရွှေဘိုစုကျေးရွာ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ




ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

တော်ကွဲကျေးရွာသည် ဓနုဖြူမြို့နယ်ကျောင်းစုအုပ်စုတွင် ပါဝင်ပြီး အိမ်ခြေ(၁၆၅)လုံးရှိပြီး လူဦးရေစုစုပေါင်း(၇၃၀)ဦးရှိသည်။ အမျိုးသားဦးစီးသည့် အိမ်ထောင်စု(၁၄၁)အိမ်ရှိသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၁၅)အိမ်ရှိသည်။ ဇီးဖြူကုန်း၊ ငါးဘတ်အိုင်၊ ကျောင်းစု၊ နံကြိုးလမ်းမကြီးဘေးတွင်ရှိပါသည်။ ကျောင်းစုကျေးရွာ၏ အနောက်ဘက်တွင် တည်ရှိပါသည်။ ဓနုဖြူမြို့နယ်နှင့် တော်ကွဲကျေးရွာသည် (၁၁မိုင်)ကွာဝေးပါသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူ (၁၅၆) ဦးရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြပါသည်။

**စိုက်ပျိုးရေး**

အဓိကစိုက်ပျိုးရေးလုပ်ငန်းမှာ လယ်ယာမြေလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ မိုးရာသီတွင် မိုးစပါးနှင့် နွေရာသီတွင် သီးထပ်အဖြစ် စပါးကိုအဓိကထား၍ စိုက်ပျိုးကြပါသည်။

**စီးပွားရေး**

စိုက်ပျိုးရေးအပြင် အင်းလုပ်ငန်းနှင့်တံငါလုပ်ငန်းကိုလည်းလုပ်ကိုင်ကြပါသည်။

**ပညာရေး**

တော်ကွဲကျေးရွာတွင် အ-မ-က စာသင်ကျောင်းရှိသည့်အတွက် ကလေးများ ပညာသင်ကြားရာတွင် အဆင်ပြေပါသည်။ အထက်တန်းပညာကို ကျောင်းစုကျေးရွာရှိ အ-ထ-က (ခွဲ)ကျောင်းစုကျောင်းသို့ သွားရောက်၍ ပညာသင်ကြားရပါသည်။

**ကျန်းမာရေး**

ကျေးရွာ၏ ကျန်းမာရေးအတွက် ဆေးကုသမှုခံယူရာတွင် (၁)မိုင်ခန့်ဝေးသော ကျောင်းစုဆေးရုံတွင် သွားရောက်ကုသရပါသည်။ ရွာ၏ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများအတွက် ကာကွယ်ဆေးထိုးခြင်း၊ တိုက်ကျွေးခြင်းတို့ကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ဖြင့် ချိတ်ဆက်၍ တိုက်ကျွေးကြသည်။ အဖြစ်များသော ရောဂါမှာ ဖျားနာခြင်းနှင့် သွေးလွန်တုတ်ကွေး ရောဂါတို့ဖြစ်ကြပါသည်။

**သောက်သုံးရေ**

ကျေးရွာတွင် ရေတုံကင်ရှိသည့်အတွက် သောက်သုံးရေကို လုံလောက်စွာရှိပါသည်။ သို့သော်လည်း သောက်သုံးရေသန့် မရရှိသည့် အခက်အခဲရှိပါသည်။ ကိုယ်ပိုင်ရေတွင်း မရှိသူများသည် အခြားအိမ်များသို့ သွားရောက်၍ ရေခပ်၊ ရေချိုးခြင်းများ ပြုလုပ်ကြရသည်။

**လမ်းပန်းဆက်သွယ်ရေး**


ရွာတွင်းလမ်းသည် ကွန်ကရစ်လမ်းဖြစ်သည်။ တော်ကွဲကျေးရွာနှင့် ကျောင်းစုကျေးရွာ ချိတ်ဆက်သည့် ရွာချင်းဆက်လမ်းမှာ ကျောက်ပြားလမ်းဖြစ်ပါသည်။ လမ်းမှာကျဉ်းမြောင်းသည့် အတွက် ကလေးများကျောင်းသွားသည့်အခါ အခက်အခဲရှိပါသည်။

**အနှစ်ချုပ်**

တော်ကွဲကျေးရွာသည် အိမ်ထောင်စုအသင့်အတင့်နှင့် လူဦးရေအသင့်အတင့်ရှိသော ကျေးရွာဖြစ်သည်။ ကျေးရွာအတွင်း အရင်းအမြစ်နည်းပါးသဖြင့် နေ့စားအလုပ်သမားများသည်။ တံငါလုပ်ငန်းလုပ်ကိုင်သူများ လည်းရှိပါသည်။ အခြားကျေးရွာသို့ သွားရောက်လုပ်ကိုင်သူများ လည်းရှိသည်။ အမျိုးသမီးများသည်လည်း ပုံမှန်ဝင်ငွေမရရှိသဖြင့် စားဝတ်နေရေး ခက်ခဲကြပါ သည်။ လယ်သမားများမှလည်း ရင်းနှီးမြုပ်နှံမှုများပြီးအမြတ်ငွေကျန်မှုနည်းပါးပါသည်။

ပါဝင်ဆွေးနွေးသူ-ကျား(၈)၊မ(၇)

## ၂။ ဓနုဖြူမြို့နယ် ၊ ကျောင်းစုအုပ်စု၊ တော်ကွဲကျေးရွာ ရာသီခွင်ပြက္ခဒိန်



**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ မိုးစပါးကိုဝါဆို၊ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် စိုက်ပျိုးကြပါသည်။ ထိုလများတွင် ကျေးရွာအတွင်းရှိ လုပ်သားများသည် ပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ လယ်ထွန်ခြင်း စသည့်လုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်ကြ၍ ဝင်ငွေအသင့်အတင့်ရရှိကြသည်။ ကောက်ရိတ်ခြင်းကို တန်ဆောင်မုန်း၊ နတ်တော်လများတွင် ပြုလုပ်ပါသည်။ နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် နွေစပါးစိုက်ပျိုးခြင်း ပြုလုပ်ကြပါသည်။ တန်ပေါင်းလနှင့် တန်ခူးလများတွင် နွေစပါးရိတ်သိမ်းခြင်းကိုပြုလုပ်ကြပါသည်။ အဆိုပါလများတွင် အလုပ်သမားများမှာ အလုပ်အကိုင်ရရှိကြ၍ ဝင်ငွေအသင့်အတင့် ရရှိပါသည်။ လယ်သမားများမှာမူ ဝင်ငွေကောင်းသည်။ ရာသီပွဲတော်များမှာ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်၊ တပို့တွဲလတွင် ဘုရားပွဲတော် စသည်ဖြင့် ရာသီပွဲတော်များကို လအလိုက်ကျင်းပကြပါသည်။

**အနှစ်ချုပ်**


လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ နွေရာသီတွင်ဝင်ငွေရရှိမှုများပါသည်။ အခြားအပိုဝင်ငွေရရှိသော လုပ်ငန်းမှာ တံငါလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး မကောင်းသည့်အတွက်သွားရေးလာရေး ခက်ခဲပါသည်။ မိုးရာသီတွင် ကလေးများတွင် သွေးလွန်တုတ်ကွေးရောဂါ အဖြစ်များသည်။ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် မိုးများသောကြောင့် ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံစားကြရပါသည်။

တန်ခူး၊ ဝါခေါင်၊ နတ်တော်၊ ပြာသို၊ တပို့တွဲလများသည် လုပ်ငန်းအားလပ်သည့်လများဖြစ်ပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့်ဝင်ငွေရရှိမှုနည်းပါးသည်။ သာရေး၊ နာရေး၊ ကျန်းမာရေးများကြောင့် ထွက်ငွေများသည်။ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူလုပ်အားခ မရရှိပါ။ ထို့ကြောင့် လုပ်ငန်းအားလပ်ချိန်တွင် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုလျှင် အလုပ်အကိုင်ရရှိသည့်အတွက် ဝင်ငွေရရှိပြီး မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေမည်ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ -ကျား(၈)၊ မ(၈)

လူထုဗဟိုပြု စီမံကိန်း

၃။ ခနဖြူမြို့နယ်၊ ကျောင်းစုအုပ်စု၊ တော်ကွဲကျေးရွာ ဥစ္စာခနေ ကြွယ်ဝမှုဇယား



တော်ကွဲကျေးရွာ ဥစ္စာခနေကြွယ်ဝမှုဇယား

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်ဧက-(၃၀)၊ ရိတ်ခြွေ၊ လယ်ယာသုံးစက်၊ ကွန်ဒေါင်း၊ ဆိုင်ကယ်၊ စက်လှေ | ၃၀ | ၁၉ |
| အသင့်အတင့် | သစ်အိမ်(၆)၊ ရေတင်စက်၊ နွားပြန်၊ ဆိုင်ကယ်၊ စက်လှေ | ၆၀ | ၃၉ |
| ဘဝဲ(နွမ်းပါး) | လှေ၊ စက်ဘီး | ၆၅ | ၄၂ |
| | စုစုပေါင်း | ၁၆၅ | ၁၀၀ |

**ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

တော်ကွဲကျေးရွာတွင် ချမ်းသာသောအုပ်စု၊ အသင့်အတင့်အုပ်စု၊ နွမ်းပါးသော အုပ်စုဟူ၍ အုပ်စု(၃)မျိုးရှိပါသည်။ ချမ်းသာသောအုပ်စုတွင် လယ်၊ ရိတ်ခြွေ၊ လယ်ယာသုံးထွန်စက်၊ ဂွန်ဒေါင်း၊ ဆိုင်ကယ်၊ စက်လှေတို့ ပိုင်ဆိုင်ကြပါသည်။ အသင့်အတင့်အုပ်စုသည် သစ်အိမ်၊ ရေတင်စက်၊ နွားပြန်၊ ဆိုင်ကယ်၊ စက်လှေ၊ လယ်တို့ပိုင်ဆိုင်ကြပါသည်။ နွမ်းပါးသောအုပ်စုသည် လှေ၊ စက်ဘီးတို့ ပိုင်ဆိုင်ကြပါသည်။ နွမ်းပါးသောအုပ်စုသည် နေ့စားအလုပ်၊ ကြုံရာကျပန်း အလုပ်များကို လုပ်ကိုင်ကြသည်။ ချမ်းသာသောအုပ်စု(၃၀)စု၊ အလယ်အလတ်အုပ်စု(၆၀)စု၊ နွမ်းပါးသောအုပ်စု(၆၅)စု အသီးသီးရှိပါသည်။

**အနှစ်ချုပ်**

တော်ကွဲကျေးရွာတွင် မပြေလည်သော အုပ်စုသည် အိမ်ထောင်စု အများဆုံးဖြစ်ပါသည်။ မပြေလည်သည့် အိမ်ထောင်စုများသည် ထိခိုက်လွယ်သော အိမ်ထောင်စု အများဆုံးဖြစ်ပါသည်။ တော်ကွဲကျေးရွာတွင် ချန်လုပ်ထားသော အိမ်ထောင်စုများမရှိပါ။

ပါဝင်ဆွေးနွေးသူ-ကျား(၁၀)၊မ(၇)

## ၄။ ခနဖြူမြို့နယ်၊ ကျောင်းစုအုပ်စု၊ တော်ကွဲကျေးရွာ၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံစံ




**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**


NLDအဖွဲ့ကြံခိုင်ရေးအဖွဲ့နှင့် Pact Myanmar အဖွဲ့သည် ကျေးရွာလူထုနှင့် ချိတ်ဆက်နေသည်။ ပရဟိတအဖွဲ့၊ ဝတ်အသင်းအဖွဲ့သည်ဘုရားကျောင်းကန် ဝေယျာဝစ္စ အတွက်ဆောင်ရွက်သည်။ မီးသတ်တပ်ဖွဲ့သည်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်နေသည်။ အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်သည်။ တိုက်နယ်ရဲစခန်းနှင့် ချိတ်ဆက်ဆောင်ရွက်သည်။ ပရဟိတအဖွဲ့သည် ရပ်ရွာ၏ သာရေးနာရေး တို့တွင် ဝိုင်းဝန်းလုပ်ဆောင် ကြသည်။ ကျေးရွာတွင် ကျန်းမာရေး အခက်အခဲရှိလျှင် ကျောင်းစုတိုက်နယ်ဆေးရုံနှင့် ချိတ်ဆက်ဆောင်ရွက်သည်။

**အနှစ်ချုပ်**

အမျိုးသမီးဦးဆောင်သည့် အဖွဲ့အစည်းနှင့် အမျိုးသားဦးဆောင်သည့် အဖွဲ့ကွာခြားမှုမရှိသော်လည်း အမျိုးသမီးများအားရှေ့တန်းတင်ခြင်း၊ ဦးဆောင်ခွင့်၊ ဆုံးဖြတ်ချက်ချပြီးလုပ်ဆောင်ခွင့် စသည့်အခွင့်အရေးများ ပိုမိုပေးအပ်ရန် လိုအပ်နေသေးသည်။ အမျိုးသမီးများ၏ အသင်းအဖွဲ့များတွင် ပါဝင်ခွင့်နည်းခြင်းသည်။ အမျိုးသမီးများ၏ ဦးဆောင်ခွင့်နှင့် ဆုံးဖြတ်ချက်ချပြီး လုပ်ဆောင်နိုင်ခွင့်တို့ကို လျော့နည်းစေသည့် အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။

ပါဝင်ဆွေးနွေးသူ-ကျား(၈)၊မ(၇)

## ၅။ ဓနုဖြူမြို့နယ် ကျောင်းစုအုပ်စု၊ တော်ကွဲကျေးရွာ၊ အရင်းအမြစ် ထိန်းချုပ်မှုပုံစံ



**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**


လယ်၊ အင်းလုပ်ငန်း၊ တံငါ၊ကား၊ ဂွန်ဒေါင်း၊ လယ်ထွန်စက်၊ နွားပြန်နွား၊ ရိတ်ခြွေ၊ စက်လှေ တို့သည် အမျိုးသားများမှ သုံးစွဲသော အရင်းအမြစ်ဖြစ်ပါသည်။ အမျိုးသား၊ အမျိုးသမီးများ အသုံးပြုသော အရင်းအမြစ်မှာ လယ်ယာ၊ အင်းလုပ်ငန်း၊ တံငါ၊ စက်လှေ၊ ဆိုင်ကယ်၊ စက်ဘီး၊ လမ်း၊ စေတီ၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ တံတား၊ တုံကင်တို့ဖြစ်ပါသည်။ အမျိုးသမီးများ ထိန်းချုပ်သော အရင်းအမြစ်မှာ ဈေးရောင်းနှင့် စက်ချုပ်တို့ဖြစ်ပါသည်။ အမျိုးသားများ ထိန်းချုပ်သော အရင်းအ မြစ်များမှာလယ်၊ အင်းလုပ်ငန်း၊ တံငါ၊ ကား၊ ဂွန်ဒေါင်း၊ ဆိုင်ကယ်၊ နွားပြန်၊ လယ်ထွန်စက်၊ နွား၊ ရိတ်ခြွေ၊ စက်လှေ၊ လမ်း၊ တံတား၊ စေတီ၊ ဘုန်းကြီးကျောင်းတို့ဖြစ်သည်။

**အနှစ်ချုပ်**

အရင်းအမြစ်များပျက်စီးလျှင် အမျိုးသားများမှ ပြန်လည်ပြုပြင်သည်။ အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူဆွေးနွေးခြင်းဖြင့် ပစ္စည်းများကို အမျိုးသားများနှင့် တန်းတူပိုင်ဆိုင်ခွင့် ရှိကြောင်း သိရှိနိုင်မည်ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ ကျား(၈)ဦး၊ မ(၇)ဦး

၆။ ဓနုဖြူမြို့နယ် ကျောင်းရအုပ်စု တော်ကွဲကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း




**ထွေးနွေးခြင်းနှင့်ထန်းစစ်ခြင်း**

**အလုပ်အကိုင်အခွင့်အလမ်း**

အမျိုးသမီးများသည် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည်။ ဒေသအလုပ်အကိုင်ရှားပါးခြင်း၊ အလုပ်အကိုင်ရှိသော မြို့ရွာများသို့ သွားရောက်မလုပ်ကိုင်နိုင်ခြင်း၊ လုပ်အားခ အမျိုးသားများနှင့် တန်းတူမရရှိခြင်းသည်လည်း အမျိုးသမီးများအတွက် ဝင်ငွေအခွင့်အလမ်း လျော့နည်းစေသည့် အကြောင်းအရာဖြစ်ပါသည်။

**အဖွဲ့အစည်းများတွင်ပါဝင်ခွင့်**

အမျိုးသမီးများသည် အသင်းအဖွဲ့များတွင် ပါဝင်မှုရှိသော်လည်း အမျိုးသမီးများအား ဦးဆောင်ခွင့် အခွင့်အရေးမပေးခြင်း၊ အမျိုးသမီးများအိမ်မှုကိစ္စများခြင်း၊ မိမိကိုယ်ကိုယုံကြည်မှု အားနည်းခြင်း၊ ကြောက်ရွံ့စိတ်ရှိခြင်းတို့သည် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု အခွင့်အရေးအတွက် အဟန့်အတားများဖြစ်သည်။

### ဝင်ငွေရရှိမှု

အမျိုးသမီးများသည် အိမ်မှုကိစ္စများခြင်း၊ အမျိုးသားများကဲ့သို့ လုပ်အားမတွင်ကျယ်ခြင်း၊ လုပ်အားခတန်းတူမရရှိခြင်း၊ အလုပ်အကိုင်ရှိသော မြို့ရွာများသို့ သွားရောက်နိုင်မှုမရှိခြင်း စသည်တို့ကြောင့် ဝင်ငွေအခွင့်အလမ်းသည် အမျိုးသားများထက် လျော့နည်းခြင်းဖြစ်သည်။

### ပညာရေးလက်လှမ်းမီမှု

အမျိုးသားများနှင့် အမျိုးသမီးများသည် ပညာရေးကို တန်းတူသင်ကြား ခွင့်ရှိပါသည်။

### ဆုံးဖြတ်ချက်ချပိုင်ခွင့်

အမျိုးသမီးများသည် အိမ်မှုကိစ္စများနှင့်သာ အချိန်ကုန်နေပြီး ပြင်ပဗဟုသုတ နည်းပါးသည့်အတွက် ဆုံးဖြတ်ချက်ချသည့်နေရာတွင် အားနည်းနေခြင်း ဖြစ်ပါသည်။

### အိမ်မှုကိစ္စ

အမျိုးသမီးများသည် မိသားစုတစ်ခုလုံး၏ ပညာရေး၊ ကျန်းမာရေး၊ ချက်ပြုတ်စားသောက်ရေး၊ ဝင်ငွေအပေါ် စီစစ်သုံးစွဲရေး၊ အဝတ်အထည်များကို လျှော်ဖွတ်ရေး စသည်ဖြင့် နေ့စဉ်နှင့်အမျှ အချိန်နှင့်တပြေးညီ ဆောင်ရွက်နေကြရသူများ ဖြစ်ပါသည်။ အမျိုးသားများမှာ အိမ်၏မိုးရေး၊ ကာရေး၊ ပြင်ဆင်ရေး၊ ထင်းကိစ္စ ရေခပ် စသည်တို့တွင်သာ ကူညီဆောင်ရွက်ပေးခြင်းတို့ကြောင့် အိမ်မှုကိစ္စဆောင်ရွက်နိုင်မှု အားနည်းနေခြင်းဖြစ်သည်။

### အနှစ်ချုပ်

ကျေးရွာတွင် သဘာဝအရင်းအမြစ် နည်းပါးခြင်း၊ စိုက်ပျိုးရေးယာ ကျဉ်းမြောင်းခြင်းတို့ကြောင့် အမျိုးသမီးများ ဝင်ငွေရှာဖွေနိုင်မှု အခွင့်အလမ်း နည်းပါးသည်။ အမျိုးသားများကဲ့သို့ တန်းတူမလုပ်ဆောင်နိုင်ခြင်း လုပ်အားခ တန်းတူမရခြင်းတို့သည်လည်း အမျိုးသမီးများအတွက် ဝင်ငွေလျော့နည်းစေခြင်းဖြစ်သည်။ အမျိုးသမီးများအား အဖွဲ့အစည်းများဖွဲ့စည်းရာတွင် ဦးဆောင်သည့် နေရာပေးဖွဲ့စည်းမှုမရှိခြင်း၊ အမျိုးသားများသာ ဦးဆောင်ဆုံးဖြတ်ချက်ချသည့်သူများဟု ဓလေ့အစဉ်အလာတစ်ခုအဖြစ် လက်ခံကျင့်သုံးခြင်းသည်လည်း အမျိုးသမီးများ၏ အခွင့်အရေးများ လျော့နည်းစေသည့် အကြောင်းအရင်း တစ်ရပ်ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ-ကျား(၁၀)ဦး၊မ(၁၀)ဦး

၂၀၁၈ ခုနှစ် ဓနုဖြူမြို့နယ်

CamScanner



ကျောင်းစုကျေးရွာအုပ်စု တောင်ကွဲကျေးရွာတွင် PRA Tools များ ရေးဆွဲနေပုံ



ကျောင်းစုကျေးရွာအုပ်စု တောင်ကွဲကျေးရွာတွင် ကော်မတီဝင်များ မိတ်ဆက်ပြောကြားနေပုံ

အစည်းအဝေး မှတ်တမ်း

အစည်းအဝေး ကျင်းပသည့် နေရာ - ဆက်ကွဲကျေးရွာ၊ ဘုန်းကြီးကျောင်းဝင်း

အစည်းအဝေး ကျင်းပသည့် အချိန် - ၁၂:၀၀

အစည်းအဝေး ကျင်းပသည့် နေ့ရက် - ၂၂.၈.၂၀၁၈

အစည်းအဝေး ပြုလုပ်သည့် အကြောင်းအရာ - ဒုတိယအကြိမ် အစည်းအဝေး

အစည်းအဝေး တက်ရောက်သူ - ကျား (၅၇) ဦး၊ မ (၄၄) ဦး
စုစုပေါင်း (၁၀၁) ဦး

အစည်းအဝေး အစီအစဉ်

၁။ ဦးစားပေး လုပ်ငန်း ရွေးချယ်ခြင်း

၂။ VDP ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်

၃။ အကျိုးဝင် / မဝင်သော လုပ်ငန်းများ အကြောင်း ရှင်းလင်း ပြောကြားခြင်း

၄။ အကာအကွယ်များ

၅။ ကော်မတီများ ဖွဲ့စည်းခြင်း

၆။ အခမ်းအနား ပြီးဆုံးခြင်း

ဆွေးနွေးချက်များ ၊ ဆွေးနွေးသည့် အကြောင်းအရာ

(၁) လူထုဗဟိုပြု စီမံကိန်း အကြောင်းကို ပြန်လည် ဆွေးနွေးခြင်းနှင့် လူမှုဆက်ဆံရေး ချက်များကို ပြန်လည် သုံးသပ်ခြင်း

(၂) ကျေးရွာလူထုအစည်းအဝေး ဦးစားပေးလုပ်ငန်း (၄) ခုကို ရွေးချယ်ရာတွင် ဦးစားပေး အဆင့် သတ်မှတ်ချက် (၆) ချက်အား ရှင်းလင်းပြောကြားပြီး အကျိုးပြုနိုင်ရေး [illegible] ဘယ်သူတွေ အတွက် ဦးစားပေး သင့်လဲ၊ အဓိက အရေးပေါ် လိုအပ်နေတဲ့ အရာ စသည်ဖြင့် ရှင်းလင်း ပြောကြားပြီး (၄၊ ၃၊ ၂၊ ၁) မဲ စနစ်ဖြင့် မဲပေးရမည် ဖြစ်ကြောင်း ပထမ ဦးစားပေး ဆိုလျှင် (၄) မဲ၊ ဒုတိယ ဦးစားပေး ဆိုလျှင် (၃) မဲ၊ တတိယ ဦးစားပေး ဆိုလျှင် (၂) မဲ၊ စတုတ္ထ ဦးစားပေး ဆိုလျှင် (၁) မဲ ပေးရမည် ဖြစ်ကြောင်း ရွာလူထုအား [illegible] ဆွေးနွေး၍ ရှင်းလင်း ပြောကြားခဲ့ပါသည်။

(၃) ရွာလူထုမှ မဲပေး ရွေးချယ်ကြသော ဦးစားပေး လုပ်ငန်း (၄) ခုမှာ

(၁) ရွာချင်းဆက် ကွန်ကရစ်လမ်း

(၂) [illegible] ကွန်ကရစ်လမ်း [illegible]

(၃) [illegible]

(၄) ဒေါ်ဂျင်းစုကျိုင်ထွန်းမှ ရှေးတုန်းက ဗိုလ်ပြ နိမ်ကိန်းတွင် အကျိုးဝင် / မဝင်သော လုပ်ငန်းများကို နှင့်ပြပေး ခဲ့ပြီး အတော အတွေ့အကြုံများ အကြောင်းကိုပါ ရှင်းလင်း ပြောကြားခဲ့ပါသည်။

မဲပေးရွေးချယ်ခဲ့ကြသော လုပ်ငန်းများကိုလည်း အကျိုးဝင်/ မဝင် ခွဲခြားပြောပြခဲ့ပါသည်။ ဆက်လက်၍ ဦးစားပေးလုပ်ငန်း (၁) ဖြစ်သော ရွာချင်းဆက် ကွန်ကရစ်လမ်း ရှင်းပယ်ခဲ့ကြ၍ မေးမြန်း ခဲ့ရာ ကျောက်ခဲရေ ပျော့စပ် ရွာချင်းဆက်လမ်း ခန့်မှန်းအရွယ်အစား (၁၈၀၀'×၄'×၆") ဖြစ်ကြောင်း ကြားသိရ ကျေးရွာလူထု အားလုံးမှ ပြောကြားခဲ့ပြီး ရွာတွင်း ပေါက်ဈေးနှုန်းများကို မေးမြန်း ခဲ့ရာ - (၁) ဘိလပ်မြေ - ၁၂၀၀၀ိ/ ၊ (၂) အကြမ်း - ၇၀၀၀ိ/ (၃) ရွာအရောက် သဲ (၁) ကျင်း ၂၅၀၀၀ိ/ ၊ (၄) ရွာအရောက် ကျောက် (၁) ကျင်း - ၈၅၀၀၀ိ/ ကျ Mixer ငှားရမ်းခ ... ၊ ရေ လမ်းအကျယ် လက်ရှိမြေသား ၁၀'/ ၁၁' ပေါက်ရှိ၊ (၅) အခြားပြုလုပ်ရန် လိုအပ်သော အသွင်သဏ္ဌာန်များ ပြုလုပ်ရန်မလိုဘဲ ယာဉ်လမ်းအား အခါခပ်သိမ်း သွားလာနိုင်ပါ၊ ဟု တစ်ဦးအစေ ... ရွာလူထု အားလုံးမှ ပြောကြားခဲ့ကြပါသည်။ ထို့နောက် ခန့်မှန်းကုန်ကျငွေ အကြမ်းဖျင်းကို တွက်ချက် ပေးခဲ့ရာ ခန့်မှန်းကုန်ကျငွေ (၁၀၀) သိန်း ကုန်ကျနိုင်ပါသည်ဟု အကြမ်းဖျင်း ပြောကြားပေးခဲ့ သည်။

(၅) ဆက်လက်၍ ဒေါ်နန်းခင်ဆွေးမှ ကျေးရွာ စီ/ထောက် ကော်မတီဖွဲ့စည်းပုံနှင့် တာဝန်များကို ရှင်းပြပေးခဲ့ပြီး ဆောင်ရန်၊ ရှောင်ရန် များကိုပါ ရှင်းပြပေးခဲ့သည်။ ထို့နောက် ကော်မတီဝင်များကို မဲပေးရွေးချယ်နည်း ရေးစာဖြင့် မဲပေးရွေးချယ်ခဲ့ကြပါသည်။ ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ ကိုရွေးချယ်ရာတွင် အမျိုးသား (၃) ဦးနှင့် အမျိုးသမီး (၃) ဦးအား ကိုယ်စားပြုစေပြီး မဲပေးစနစ်ဖြင့် ဆုံးဖြတ်စေခဲ့သည်။ မဲအများဆုံးရရှိသော ဦးအောင်ဝင်းနှင့် ဒေါ်သန်းသန်းမော်တို့မှ စီ/ထောက် ဥက္ကဋ္ဌ ရာထူးကို ရရှိခဲ့ကြပါသည်။ ကျေးရွာ စာရင်းကိုင်ကို (၃) ဦး ကိုယ်စားပြု ခေါ်ခြင်းတွင် ရွာလူထု အားလုံးမှ ဦးလှမျိုးအောင် ကို ထောက်ခံပြပါမည်။ မဲမပေးတော့ဘဲ ကိုယ်စားပြု ရွေးချယ်ခြင်းစနစ်ကို သာ ပြုလုပ်ချင်သည့် အကြောင်း ရွာလူထုအားလုံးမှ သဘောတူကြောင်း၊ ကန့်ကွက်မည့်သူမရှိ ကြောင်း ပြောကြားခဲ့ပါသည်။ ဦးလှမျိုးအောင်မှလည်း လုပ်ဆောင်နိုင်ပါသည်ဟု ပြောကြားခဲ့သည်။ ဒေါ်နန်းခင်ဆွေးမှ ဤကိုယ်စားပြု ကိစ္စတွင် ရာထူးတစ်ခုချင်း ပြသသူမှ တာဝန်တစ်ခုခု ဖြစ်ခဲ့ပါက တာဝန် ယူပါသလား ဟု မေးမြန်းခဲ့ရာ အားလုံးမှ တာဝန်ယူပါသည်ဟုပြောခဲ့ပါသည်။ ဆက်လက်၍ ဝယ်ယူရေး ဆပ်ကော်မတီတွင် ဦးမြင့်အေး၊ ဒေါ်နိုနိုဟ၊ ဦးသန်းနိုင်ဦး၊ ဒေါ်ယုမွန်ကြည်ဖြူ တို့အား ချက်ကြေငြာရေး အဖွဲ့တွင် ဦးထွန်းကြည်၊ ဒေါ်မာမာ၊ စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီတွင် ဦးဟိန်းအောင်ထွန်း၊ ဒေါ်နုနု၊ ဒေါ်ခင်မေ့ကို၊ လှသုံးပယ် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီတွင် ဦးမာနိုင်၊ ဒေါ်အေးအေးခိုင်၊ ဒေါ်ကြည်ကြည်ညွန့် တို့အား ရွာလူထုအားလုံးမှ ကိုယ်စားပြု ရွေးချယ်ခဲ့ကြပါသည်။ မဲမပေးတော့ဘဲ ကိုယ်စားပြုပါသည် ဟု ကျေးရွာလူထု မှ ပြောကြားခဲ့ပြီးနောက်၊ ...

သဘောတူပါသည်ဟု ၎င်းကြိမ်ပေါ်၌ ဆောင်ရွက်ခဲ့ကြသည်။ ကော်မတီဝင်များ အားလုံးကို ဖိတ်ခေါ်၍ ကျေးရွာက ရွေးချယ်ထားလား ၊ ကျေးရွာက ရွေးချယ်ထားလားဟု မေးမြန်းခဲ့ရာ ကျေးရွာက ရွေးချယ်ထား ဖြစ်ပါကြောင်း အားလုံးက ပြောကြားခဲ့သည်။

အစည်းအဝေး ဆုံးဖြတ်ချက်များ

(၁) ဦးအေးလေး လုပ်ငန်းရွေးချယ်ရာတွင် မဲပေးသည့် စနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။

(၂) ကော်မတီဝင်များကိုလည်း (မဲပေးစနစ်၊ အဆိုပြုစနစ်) (၂) မျိုးလုံးဖြင့် ရွာလူထု၏ သဘောဆန္ဒအတိုင်း ရွေးချယ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

(၃) ပြဿနာ တစ်စုံတစ်ရာ ဖြစ်လာခဲ့ရင်လည်း အစည်းအဝေး တက်ရောက်သူ လက်မှတ်ရေးထိုးထားသူ ရွာလူထု အားလုံး၌ တာဝန်ယူပါမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် ကော်မတီဝင်များကို HR ၇ နှင့် CoC များအား လက်မှတ်ရေးထိုးစေပြီး မှတ်တမ်းတင် ဓါတ်ပုံရိုက်ပြီးနောက် အစည်းအဝေးကို ညနေ (၄:၁၅) အချိန်တွင် အစည်းအဝေးကို အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။ ၂၄.၈.၂၀၁၈ ရက်နေ့တွင် ကျင်းပမည့် အစည်းအဝေး တက်ရောက်ရမည့်သူများကိုလည်း ပြောကြားခဲ့ပါသည်။

(လက်မှတ်)
အတည်ပြုသူ

မှတ်တမ်းတင်သူ
(လက်မှတ်)
ဒေါ်နန်းခင်ရွှေ

ပုံစံ -စ-၁ကျေးရွာအခြေခံအချက်အလက်များ(Form PC-1)

| လမ်းညွှန်ချက်။ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထု စည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက် များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက် အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင်လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့်ဖြည့်သွင်းရမည်။ | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင်အမည်<br>ဦးအောင်ချို | ကျေးရွာခေါင်းဆောင်၏ဖုန်းနံပါတ်<br>09-687916700 | တာဝန်ကျဝန်ထမ်း၏အမည်<br>[illegible] | |
| ပြည်နယ်/တိုင်းဒေသကြီး<br>ဧရာဝတီ | မြို့နယ်<br>ဓနုဖြူ | ကျေးရွာအုပ်စု<br>ကျောင်းစု | ကျေးရွာ<br>တော်ကွဲ |

က။လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)---ဗမာ--- | ၁၅၄ | ဘာသာ (၁)---ဗုဒ္ဓ--- | ၁၅၄ |
| လူမျိုးစု (၂)--------------- | | ဘာသာ (၂)------------------ | |
| လူမျိုးစု (၃)--------------- | | ဘာသာ (၃)------------------ | |
| လူမျိုးစုရော ---------------- | | ဘာသာရော ------------------ | |
| အခြား ---------------------- | | | |
| | အရေအတွက် | | |
| မသန်းစွမ်းသူ | | | |
| သက်ကြီးရွယ်အို (၆၅နှစ်နှင့် အထက်) | ၄ | ဗုဒ္ဓ | ၂ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု(၁)----ဗမာ---------- | ၃၁၃ | ၂၈၂ |
| လူမျိုးစု(၂)-------------------- | | |
| လူမျိုးစု(၃)-------------------- | | |
| အခြား | | |
| အိမ်ထောင်စု | | |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | | တိုက်နယ်ဆေးရုံ | | စေတီ | ✓ |
| မူလတန်းကျောင်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | ✓ |
| မူလွန်ကျောင်း | ✓ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| အလယ်တန်းကျောင်း | | ဆေးပေးခန်း | | ခရစ်ယာန်ကျောင်း | |
| အထက်တန်းကျောင်း | | အခြား | | ဗလီ | |
| အခြား | | | | အခြား | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း(ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁)စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃)လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြ ဆရာ/မ | ✓ | ✓ | ဆရာဝန် | | | လက်သမား | ✓ | |
| အထက်တန်းပြ ဆရာ/မ | | | လက်ထောက်ကျန်းမာရေးမှူး | | | ပန်းရံ | ✓ | |
| အလယ်တန်းပြဆရာ/မ | | | အမျိုးသမီးကျန်းမာရေးဆရာမ | | | လျှပ်စစ်ကျွမ်းကျင်မီးသမား | | |
| မူကြိုဆရာ/မ | | | သားဖွားဆရာမ | | | ရေပိုက်သွယ်သူ | | |
| အခြား | | | ပြည်သူ့ကျန်းမာရေးလုပ်သား | | | စက်ပြင်ဆရာ | | |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ)ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ/ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့်ဆက်သွယ်ထားသောလမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား--------------------

(င)ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းမစတင်မီ ဤကျေးရွာတွင် ကျေးရွာတွင်ဖွံ့ဖြိုးမှု စီမံချက်ရှိပါသလား? (ရှိပါသည်)၊မရှိပါ၊မသိပါ။

(၂)ရှိခဲ့ပါလျှင်ဤစီမံချက်ကို မည်သည့်ခုနှစ်တွင် ပြင်ဆင်ခဲ့ပါသနည်း? နှစ်-၂၀၂၃/မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှ အတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်၊မပြုပါ၊မသိပါ။

(စ)ခရီးအကွာအဝေး

(၁)ဤကျေးရွာ၏ ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-----------/မသိပါ။

(၂)ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင် ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင် ကြာချိန်---၁၀မိနစ်ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/(ဆိုင်ကယ်)/အခြား----------

မိုးရာသီတွင်ကြာချိန်---၅မိနစ်--ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/(ဆိုင်ကယ်)/အခြား--------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝလေးအန္တရာယ်ကျရောက်ဖူးခြင်းရှိပါသလား။

(မရှိပါ) ရှိပါသည် ရှိလျှင်ဖော်ပြပါ------------------------------------

(ဈ)ကျေးရွာတွင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့) ရွာသားများ ကိုယ်တိုင် (သို့)စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများရှိပါသလား။

(၁)-ရပ်မိရပ်ဖအဖွဲ့အစည်း၊ (၃) မီးကျမျိုးရေးအဖွဲ့၊ (၅) ရှယ်ယာအဖွဲ့.

(၂)-သာသနာရေးအဖွဲ့အစည်း၊ (၄) ကျောင်းကော်မတီ

(ဉ)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(GAP)မှ မှတ်တမ်းထားရှိပါသလား။

(မရှိပါ) ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးအောင်ထွန်း

လက်မှတ် [signature] နေ့စွဲ ၂၁.၆.၂၀၂၃

လူထုစည်းရုံးရေးမှူး အမည် ဒေါ်အိအိဖြူ

လက်မှတ် [signature] နေ့စွဲ ၂၁.၆.၂၀၂၃

ပုံစံ-စ-၂-စီမံကိန်းစက်ဝန်းအချိန်ဇယား(PC-2)

| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာ အုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
|---|---|---|---|
| စည်းရုံးရေးမှူးဝန်ထမ်းအမည်- ဒေါ်ခိုင်ခိုင်ဖြူ | | | |
| နေ့စွဲ- ၂၁.၆.၂၀၂၃ | စက်ဝန်းအားအမှန်ခြစ်ပါ-စက်ဝန်း(၁)------ စက်ဝန်း(၂)---------စက်ဝန်း(၃)--------စက်ဝန်း(၄)---------<br>VDP စီမံကိန်း(၅)---✓--- | | |
| ပြည်နယ်/တိုင်း<br>ဧရာဝတီ | မြို့နယ်<br>ဓနုဖြူ | ကျေးရွာအုပ်စု<br>ကျောင်းစု | ကျေးရွာ<br>တော်ကွဲ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေ အတွက် | အိမ်ထောင်စု အရေ အတွက် | လူမျိုးစုတက်ရောက်သူအရေ အတွက်နှင့် လူမျိုးစုအမည် | အိမ်ထောင် စုပေါင်း | အိမ်ထောင်စု % |
| ၁။ကျေးရွာစီမံကိန်းမိတ်ဆက်အစည်းအဝေး | ၂၁.၆.၂၀၂၃ | ၂၁.၆.၂၀၂၃ | ၉၀ | ၆၄ | ၁၅၄ | | ၁၅၄ | ၄၇.၇% |
| ၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၁.၆.၂၀၂၃ | ၂၁.၆.၂၀၂၃ | ၉၀ | ၆၄ | ၁၅၄ | | ၁၅၄ | ၄၇.၇% |
| ၃။ကျေးရွာအုပ်စုလုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၁.၆.၂၀၂၃ | ၂၁.၆.၂၀၂၃ | ၉၀ | ၆၄ | ၁၅၄ | | ၁၅၄ | ၄၇.၇% |
| ၄။မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်းသုံးသပ်မှုအစည်းအဝေး | | | | | | | | |
| ၅။မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်း ကြားသည့် အစည်းအဝေး | | | | | | | | |

လက်မှတ်----Phyu----------------------------နေ့စွဲ----၂၁.၆.၂၀၂၃----------

၂၀၂၃ခုနှစ်

ဓနုဖြူမြို့

ပုံစံ-စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်(Form PC-3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး၏ အမည် - ဒေါ်[illegible]ဖြူ | | | |
| နေ့စွဲ | စက်ဝန်းအား အမှန်ခြစ်ပါ ၊စက်ဝန်း(၁) ------- စက်ဝန်း(၂)--------- စက်ဝန်း(၃)--------- စက်ဝန်း(၄)--------VDPစီမံကိန်း(၅)✓ | | |
| ပြည်နယ်/တိုင်း<br>ရခိုင် | မြို့နယ်<br>မြေပုံ | ကျေးရွာအုပ်စု<br>ကျောက်ခင်းစု | ကျေးရွာ<br>တော်ကွဲ |

(က) အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း-ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည့် မည်သည့်များဖြစ်ပါသနည်း။(အမျိုးသား/အမျိုးသမီး အနည်းဆုံး အခက်အခဲ(၅)ခုစီ ဖော်ပြပါ)

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီး များ | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ |
|---|---|
| ၁။ ရွာတွင်းလမ်းမကောင်းသဖြင့် ကုန်စည်ပို့ဆောင်ရာ၌ ကျောက်ခင်းကားလမ်းတွင် အဆင်မပြေဖြစ်ခြင်း။ | ၁။ ရွာတွင်းလမ်းမကောင်းသဖြင့် ကုန်စည်ပို့ဆောင်ရာတွင်အဆင်မပြေဖြစ်ခြင်း။ |
| ၂။ တွင်းတိမ်ရေကိုသာသောက်သုံးရသည့်အတွက် ကျန်းမာရေး၌ မညီညွတ်ခြင်း။ | ၂ တွင်းတိမ်ရေကိုသာသောက်သုံးရသည့်အတွက် ကျန်းမာရေး[illegible]ရှိခြင်း။ |
| ၃။ လျှပ်စစ်မီးမရှိသည့်အတွက် ကျေးရွာဖွံ့ဖြိုးမှုနောက်ကျခြင်း။ | ၃။ လျှပ်စစ်မီးမရှိသည့်အတွက် ကျေးရွာဖွံ့ဖြိုးမှုနောက်ကျခြင်း။ |
| ၄။ မိမိတို့ကျေးရွာမှ အခြားကျေးရွာသို့သွားလာရာတွင် အခက်ကြုံခြင်း။ | ၄။ မိမိတို့ကျေးရွာမှအခြားကျေးရွာသို့ ပညာရေး၊ ကျန်းမာရေးကိစ္စအတွက် သွားလာရာတွင်အခက်ကြုံခြင်း။ |
| ၅။ ချောင်းကူးတံတားမှာ ဝါးတံတားဖြစ်သည့်အတွက် [illegible] ပျက်စီးများခြင်း။ | ၅။ ချောင်းကူးတံတားမှာ ဝါးတံတားဖြစ်သည့်အတွက် သွားလာရာတွင်အဆင်မပြေခြင်း။ |
| | |

ခ။မျှော်မှန်းခြင်း-နောင်လာမည့်(၅)နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းလျာထားချက်အားတင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြလာသော မျှော်မှန်းချက်များ | အမျိုးသမီးအဖွဲ့မှ တင်ပြလာသော မျှော်မှန်းချက်များ |
|---|---|
| ရွာတွင်း ကွန်ကရစ်လမ်း ရရှိပါက ကျောင်းသားများ နှင့် ခရီး သွားလာရာတွင် အဆင်ပြေမှုရှိပါမည်။ | ရွာတွင်း ကွန်ကရစ်လမ်း ရရှိပါက ကျောင်းသားများနှင့် ခရီး သွားလာရာတွင် အဆင်ပြေမှုရှိပါမည်။ |
| ရေသန့်စက်စနစ် ရရှိပါက သောက်ရေအတွက် လုံလောက်စွာ ရရှိပါသည်။ | ရေသန့်စက်စနစ် ရရှိပါက သောက်ရေအတွက် လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ပါသည်။ |
| ကျေးရွာတွင်းလျှပ်စစ်မီး ရရှိပါက တစ်နိုင်တစ်ပိုင် စီးပွားရေး လုပ်ကိုင်နိုင်မှုများ၊ ကူးသန်းမှု အဆင်ပြေမှုများ ရရှိနိုင်ပါသည်။ | ကျေးရွာတွင်းလျှပ်စစ်မီး ရရှိပါက တစ်နိုင်တစ်ပိုင် စီးပွားရေး လုပ်ကိုင်နိုင်မှုများ၊ ကူးသန်းမှု အဆင်ပြေမှုများ ရရှိနိုင်ပါသည်။ |
| ရွာချင်းဆက် ကွန်ကရစ်လမ်း ရရှိပါက ကုန်စည် ပို့ဆောင်ရာတွင် အဆင်ပြေမှုများ ရရှိနိုင်ပါသည်။ | ရွာချင်းဆက် ကွန်ကရစ်လမ်း ရရှိပါက ကုန်စည် ပို့ဆောင်ရာတွင် အဆင်ပြေမှုများ ရရှိနိုင်မည်ဖြစ်ပါသည်။ |
| | |
| | |

ဂ။လူထုစီမံကိန်း၏လာမည့်(၄)နှစ်အတွက် အကျုံးဝင်သောဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအစီအစဉ် များ အား ဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုး တက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသား (သို့)အမျိုးသမီး) | ခန့်မှန်း ကုန်ကျငွေ | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်း ကွန်ကရစ်လမ်း | ကျား+မ | | |
| ၂ | ရေသန့်စက်စနစ် (Mobile) | ကျား+မ | | |
| ၃ | လျှပ်စစ်မီး လမ်းမီး | ကျား+မ | | |
| ၄ | ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း | ကျား+မ | | |
| ၅ | ချောင်းကူးတံတား | ကျား+မ | | |
| | | | | |

CamScanner

ဃ။လူထုစီမံကိန်း၏ လာမည့်(၄)နှစ်အတွက် အကျိုးမဝင်သော ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များအား ဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက်ဦးစားပေး ဖွံ့ဖြိုးတိုးတက် မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသား (သို့)အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်- ဦး အောင်ချို --------လက်မှတ်------------------------------------နေ့စွဲ--- ၂၁-၆-၂၀၂၃ ---------

၂၀၂၃ခုနှစ်                                                                                                    ဓနုဖြူမြို့

# ကျောင်းစုကျေးရွာအုပ်စုတော်ကွဲကျေးရွာ၏ကဏ္ဍအလိုက်ဦးစားပေးလုပ်ငန်းအချုပ်ဇယား

| ကဏ္ဍ | ဦးစားပေး အဆင့် | လုပ်ငန်းအမျိုးအစား | အဆိုပြု(အမှန်ခြစ်ရန်) ကျား | မ | ကျား+မ | ခုနှစ် | ထောက်ပံ့မည့် အဖွဲ့အစည်း(သို့)ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦ ကဏ္ဍ(လမ်း/တံတား/ ရေရရှိရေး/မီးလင်းရေး) | ၁ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | | | √ | ၂၀၂၃-၂၀၂၄ | ကျေးလက်ဦးစီးဌာန | |
| | ၂ | Mobile solar ရေသန့်စင်စနစ် | | | √ | ၂၀၂၄-၂၀၂၅ | ကျေးလက်ဦးစီးဌာန | |
| | ၃ | လျှပ်စစ်မီးလင်းရေးလုပ်ငန်း | | | √ | ၂၀၂၅-၂၀၂၆ | ကျေးလက်ဦးစီးဌာန | |
| | ၄ | ရွာချင်းဆက်ကွန်ကရစ်လမ်း | | | √ | ၂၀၂၆-၂၀၂၇ | သက်ဆိုင်ရာဦးစီးဌာန | |
| | ၅ | ချောင်းကူးတံတား | | | √ | ၂၀၂၇-၂၀၂၈ | သက်ဆိုင်ရာဦးစီးဌာန | |
| လူမှုစီးပွားရေးကဏ္ဍ (ပညာပေး/ကျန်းမာရေးနှင့် ဆိုင်သော အဆောက်အဦများနှင့် အခြားလိုအပ်ချက်များ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | စာသင်ကျောင်းဆောင်တိုးချဲ့ခြင်း | | | √ | ၂၀၂၈-၂၀၂၉ | သက်ဆိုင်ရာဦးစီးဌာန | |
| သက်မွေးဝမ်းကြောင်းကဏ္ဍ (စိုက်ပျိုးရေး/မွေးမြူရေးနှင့် ဆိုင်သော အဆောက်အဦများနှင့် အခြားလိုအပ်ချက်များ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ် လျော့ပါးရေးကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြားကဏ္ဍ(ဌာနဆိုင်ရာများ သို့လွှဲပြောင်းနိုင်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသော လုပ်ငန်း | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |

၁၀ |၃ခုနှစ်

ဓနုဖြူမြို့

| ကျောင်းစုကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများ၏<br>အိမ်ခြေ၊အိမ်ထောင်စု၊လူဦးရေစာရင်း | | | | | |
|---|---|---|---|---|---|
| စဉ် | ကျေးရွာအမည် | အိမ်ခြေ | အိမ်ထောင်စု | လူဦးရေ | မှတ်ချက် |
| ၁ | ကျောင်းစု | ၂၃၃ | ၂၃၁ | ၈၅၅ | |
| ၂ | တော်ကွဲ | ၁၅၉ | ၁၆၆ | ၅၉၅ | |
| ၃ | ဒေါင်းစု | ၁၅၉ | ၁၆၆ | ၅၉၅ | |
| ၄ | ကျွဲလမ်းစု | ၅၆ | ၅၈ | ၂၄၀ | |
| ၅ | ရွှေဘိုစု | ၁၀၅ | ၁၀၅ | ၃၇၄ | |
| ၆ | တံတားဦးစု | ၄၉ | ၄၉ | ၂၁၆ | |
| ၇ | ဈင်းညားကြီး | ၂၅ | ၂၅ | ၁၀၄ | |